# Burmese Democratic Futures Working Group – BDFWG

# University of Virginia

## Myanmar Weekly Conflict Update (November 8 - 14, 2024)

## နိုဝင်ဘာလ ဒုတိယအပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံ အနှံ့အပြားတွင် နိုဝင်ဘာလ ဒုတိယအပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၆၁ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် ကလေး ၂ ဦးနှင့် အမျိုးသမီး ၇ ဦး ပါဝင်ပါသည်။
- မန္တလေးတိုင်းတွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၂၁ ဦး သေဆုံးခဲ့ပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၂၀ ဦး၊ စစ်ကိုင်းတိုင်းတွင် ၈ ဦး၊ ကရင်နီပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၄ ဦးစီ၊ ပဲခူးတိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၂ ဦးစီတို့ ဖြစ်ကြပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၅ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၅၃ ဦးတို့ ဖြစ်ပါသည်။

### မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၃ ခုတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၁၈၁ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- စစ်ကိုင်းတိုင်းတွင် နေအိမ် ၁၇၃ လုံး၊ မကွေးတိုင်းတွင် ၆ လုံးနှင့် ချင်းပြည်နယ်တွင် ၂ လုံးတို့ ဖြစ်ကြပါသည်။

## ဖမ်းဆီးခံရမှုများ

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၆ ခုတွင် နိုဝင်ဘာလ ဒုတိယအပတ်အတွင်း အရပ်သားပြည်သူ ၃၉၄ ဦး ဖမ်းဆီးခံခဲ့ရသည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၂၀၀ ဦး၊ မန္တလေးတိုင်းတွင် ၈၇ ဦး၊ ပဲခူးတိုင်းတွင် ၅၁ ဦး၊ စစ်ကိုင်းတိုင်းတွင် ၄၄ ဦး၊ ဧရာဝတီတိုင်းတွင် ၇ ဦး၊ မွန်ပြည်နယ်တွင် ၅ ဦးတို့ ဖြစ်ကြပါသည်။

## လေကြောင်းမှ တိုက်ခိုက်မှုများ

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၉ ခုတွင် နိုဝင်ဘာလ ဒုတိယအပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ၃၅ ကြိမ်ပြုလုပ်ခဲ့ပါသည်။ ချင်းပြည်နယ်တွင် ၇ ကြိမ်၊ မန္တလေးတိုင်းတွင် ၆ ကြိမ်၊ မကွေးတိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၅ ကြိမ်စီ၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် ၄ ကြိမ်စီ၊ ကချင်ပြည်နယ်တွင် ၂ ကြိမ်၊ ပဲခူးတိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၁ ကြိမ်စီတို့ ဖြစ်ကြပါသည်။

## နိုဝင်ဘာလ ဒုတိယအပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

## တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ဒုတိယအပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း အကြိမ် ၇၀ ဖြစ်ပွားခဲ့သည်။ စစ်ကိုင်းတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံး ဖြစ်ပြီး ၁၃ ကြိမ် ဖြစ်ပွားခဲ့သည်။ ပဲခူးတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၁၂ ကြိမ် ဖြစ်ပွားခဲ့ သည်။ ချင်းပြည်နယ်တွင် ၁၁ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၈ ကြိမ်၊ မကွေးတိုင်းနှင့် ရှမ်းပြည်နယ် မြောက်ပိုင်း တို့တွင် ၆ ကြိမ်စီ၊ မန္တလေးတိုင်းတွင် ၅ ကြိမ်၊ ကရင်ပြည်နယ်တွင် ၄ ကြိမ်၊ ကချင်ပြည်နယ်တွင် ၃ ကြိမ်နှင့် တနင်္သာရီတိုင်းတွင် ၂ ကြိမ်တို့ ဖြစ်ကြပါသည်။ ဧရာဝတီတိုင်း၊ ကရင်နီပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည် နယ်တောင်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝမရှိပါ။

နိုဝင်ဘာလ ဒုတိယအပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၁၁၁ ဦး သေဆုံးခဲ့ပါသည်။

# တစ်ပတ်အတွင်း စစ်ရေးဖြစ်ပေါ်တိုးတက်မှု

## AA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်ရှိ အမြောက်ကြီးတပ်နှင့် အရိုးတောင် လက်နက်ကြီးစခန်းကုန်းကို AA မှ နိုဝင်ဘာ ၅ ရက်က တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

- နိုဝင်ဘာ ၁၁ ရက်တွင် ရခိုင်ပြည်နယ်၊ အမ်းမြို့အဝင် ပဲပဒုံစစ်ဆေးရေးဂိတ်ကို အာရက္ခတပ်တော် (AA) က အပြီးသတ် သိမ်းပိုက်ရရှိခဲ့ပါသည်။

## KIA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ကချင်ပြည်နယ်၊ ဆော့လော်မြို့နယ်၊ လန်ဆယ်ရွာကို ကချင်လွတ်လပ်ရေးတပ်မတော် (KIA) က နိုဝင်ဘာ ၁၀ ရက်တွင် သိမ်းပိုက်ခဲ့သည်။

## KNLA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ ဖာပွန်- ကမမောင်းလမ်းပေါ်၊ ကူးဆိပ်ရွာရှိ ကူးဆိပ် စစ်ကောင်စီစခန်းကို (KNLA) ပူးပေါင်းတပ်များက နိုဝင်ဘာ ၆ ရက်တွင် တိုက်ခိုက်သိမ်းပိုက်လိုက်သည်။

**နိုဝင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**




| Data of Myanmar Conflict 08-14, November 2024 | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Villages set on fire** | **Houses burned down** |
| **AYEYARWADY** | | | | | | | 7 | | |
| **BAGO** | 12 | 1 | 34 | | | 2 | 51 | | |
| **CHIN** | 11 | 7 | | | | | | | 2 |
| **KACHIN** | 3 | 2 | | | | | | | |
| **KARENNI** | | | | | 1 | 3 | | | |
| **KAYIN** | 4 | | 8 | | | | | | |
| **MAGWAY** | 6 | 5 | 1 | | | | | | 6 |
| **MANDALAY** | 5 | 6 | 25 | | 1 | 20 | 87 | | |
| **MON** | | | | | | | 5 | | |
| **RAKHINE** | 8 | 4 | 11 | | | 4 | | | |
| **SAGAING** | 13 | 4 | 23 | | | 8 | 44 | | 173 |
| **SHAN ( N )** | 6 | 5 | | | | 20 | | | |
| **SHAN ( S )** | | 1 | | | | 2 | 200 | | |
| **TANINTHARYI** | 2 | | 9 | | | | | | |
| **TOTAL** | **70** | **35** | **111** | | **2** | **59** | **394** | | **181** |


Map of Myanmar Conflict ( November 08-14, 2024 )
N
S
E
W
NW
NE
SW
SE
INDIA
CHINA
BANGLADESH
Myitkyina
Lashio
Hakha
Sagaing
Mandalay
Kengtung
Taunggyi
LAOS
Sittwe
Magway
Nay Pyi Taw
Loikaw
Bay of Bengal
Bago
Yangon
Mawlamyine
THAILAND
Andaman Sea
Dawei

## တစ်ပတ်အတွင်း နိုင်ငံရေးဖြစ်စဉ်

တရုတ်နိုင်ငံ၌ ကျင်းပသည့် ဒေသတွင်း ထိပ်သီး အစည်းအဝေးပွဲ ပြင်ပတွင် ထိုင်းဝန်ကြီးချုပ် ပေထုန်တန် ရှင်နာဝပ်ထရာနှင့် စစ်ခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့ နိုဝင်ဘာ ၇ ရက်နေ့က တွေ့ဆုံခဲ့ကြသည်။

**ကိုးကား - The Irrawaddy, RFA, Ayeyarwaddy Times, D Day News, Khonumthung Burmese,**

**Myanmar Pressphoto Agency, Khit Thit Media, Narinjara, Mizzima, DVB, BBC,**

**MeKong News, Than Lwin Times, PVTV, Myanmar Now, The Nation Voice.**